နောက်ဆက်တွဲ(က)


**စိုးမြန်မာကုမ္ပဏီလီမိတက်မှ "စိုး" မိုးကာ နှင့်ကော်ဖောလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ အဆိုပြုစီမံကိန်းသည် စိုးမြန်မာကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ တောင်ရင်းကျေးရွာအနီး၊ မြေဧရိယာ (၂.၈၄) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် "စိုး" မိုးကာနှင့်ကော်ဖောလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၂၀-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၉၆၅/ ၂၀၂၄) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate–ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးအေးကို ၊ Managing Director၊ စိုးမြန်မာကုမ္ပဏီလီမိတက်၊ လမ်း ၈၀၊ ၃၀×၃၁ ကြား၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉ ၇၉၇၃၉၁၄၇၆ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပါစီမံကိန်း၏ ကော်ဖောယက်လုပ်ခြင်းအနေဖြင့် ကုန်ကြမ်းချည်အမဲများအား ချည်ဖွစက်များဖြင့် အဆင့်ဆင့်ဖွပြီး ဂွမ်းလှောင်အိမ်တွင် သိုလှောင်၍ ဆူးသွားများဖြင့် ဂွမ်းအလွှာပါးများအား သတ်မှတ်ထားသော အထပ်ရေရရှိအောင် ပြုလုပ်ပြီးနောက် အပ်ရိုက်ခုံများဖြင့် အဆင့်ဆင့်ရိုက်၍ ချည်ပိတ်လုံးအမဲများကို ရရှိစေပြီးနောက် ချည်ပိတ်လုံးအမဲများဖြင့် (၂) ထပ်ချည်ပိတ်လုံးဖြစ်အောင် ပြန်လည်ပေါင်းစပ်ကာ ပန်းဒီဇိုင်းဖော်၍ နောက်ကျောဘက်တွင် အမြှုပ်ဖွထားသော ကော်ရည်အား သုတ်လိမ်းပြီး အခြောက်ခံစက်ဖြင့် အဆင့်ဆင့်ကို အအေးခံကာ နောက်ဆုံးတွင် တောင့်တင်းသော ကော်ဖောကုန်ချောများ ရရှိစေကြောင်းနှင့် ပြည်တွင်း၌သာ ဖြန့်ဖြူးရောင်းချကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းတွင် အသုံးပြုသည့်ကုန်ကြမ်းအနေဖြင့် လိုအပ်သောပလတ်စတစ်ချည်နှင့် ကော်အား ပြည်ပမှ အရောက်ပို့စနစ်ဖြင့် ဝယ်ယူပြီး ထုံး၊ ဟီတာဆီနှင့် ကျောက်မီးသွေးတို့အား ပြည်တွင်းအရောင်းဆိုင်များနှင့် ကုမ္ပဏီများမှ ဝယ်ယူကြောင်း၊ တစ်လလျှင် ကုန်ကြမ်းအသုံးပြုမှု အနေဖြင့် ပလတ်စတစ်ချည် ၃၂.၄ တန်၊ ကော် ၁၃.၃ တန်၊ ထုံး ၅တန်၊ ကျောက်မီးသွေး ၂.၃ တန်ခန့် အသုံးပြုရကြောင်း၊ တစ်နှစ်လျှင် ကုန်ကြမ်းအသုံးပြုမှုအနေဖြင့် ပလတ်စတစ်ချည် ၃၈၈.၈တန်၊ ကော် ၁၆၀ တန်၊ ထုံး ၆၀ တန်၊ ကျောက်မီးသွေး ၂၇.၆ တန်ခန့် အသုံးပြုရကြောင်း၊ စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သောရေကို စက်ရုံဧရိယာအတွင်းရှိ အဝီစိတွင်းရေအား under ground tank and overhead tank တွင် သိုလှောင်၍ အသုံးပြုပါကြောင်း၊ လုပ်သားများ (၁) နှစ် အသုံးပြု သည့် ရေပမာဏမှာ ၁၃၅၀၀၀ ဂါလန်ခန့်ဖြစ်ပြီး လုပ်ငန်းသုံး

| | | | |
|---|---|---|---|
| ၉ | အပ်ရိုက်စက် ၂ | ၂ |  |
| ၁၀ | အရောင်ထပ်စက် | ၂ |  |
| ၁၁ | အပ်ရိုက်စက် ၃ | ၂ |  |
| ၁၂ | ပန်းဒီဇိုင်းရိုက်စက် | ၁ |  |
| ၁၃ | ကော်တင်စက် | ၁ |  |
| | | ၁ |  |
| ၁၄ | အပူပေးစက် | ၁ |  |
| ၁၅ | ကော်ဒေါဖြတ်စက် | ၁ |  |
| ၁၆ | Air Compressor | ၂ |  |
| ၁၇ | ဆီဟီတာ | ၁ |  |
| ၁၈ | Generator | ၁ |  |
| ၁၉ | Forklift | ၁ |  |

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောင်ရှင်းကျေးရွာအနီး၊ မြေဧရိယာ (၂.၈၄) ဧကပေါ်တွင် တည်ရှိပါသည်။

နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူသည် စိုးမြန်မာကုမ္ပဏီလီမိတက်မှ "စိုး" မိုးကာနှင့်ကော်ဇောလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၂၀-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၉၆၅/ ၂၀၂၄)ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်များနှင့် အောက်ပါအလေးထားလိုက်နာရမည့် ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပါစီမံကိန်း၏ ကော်ဇောယက်လုပ်ခြင်း အနေဖြင့် ကုန်ကြမ်းချည်အမဲများအား ချည်ဖွစက်များဖြင့် အဆင့်ဆင့်ဖွပြီး ဂွမ်းလှောင်အိမ် တွင် သိုလှောင်၍ ဆူးသွားများဖြင့် ဂွမ်းအလွှာပါးများအား သတ်မှတ်ထားသော အထပ်ရေရရှိအောင် ပြုလုပ်ပြီးနောက် အပ်ရိုက်ခုံများဖြင့် အဆင့်ဆင့်ရိုက်၍ ချည်ပိတ်လုံးအမဲများကို ရရှိစေပြီးနောက် ချည်ပိတ်လုံးအမဲများဖြင့် (၂) ထပ် ချည် ပိတ်လုံးဖြစ်အောင် ပြန်လည်ပေါင်းစပ်ကာ ပန်းဒီဇိုင်းဖော်၍ နောက်ကျော ဘက်တွင် အမြှုပ်ဖွထားသော ကော်ရည်အား သုတ်လိမ်းပြီး အခြောက်ခံစက်ဖြင့် အဆင့်ဆင့်ကို အအေးခံကာ နောက်ဆုံးတွင် တောင့်တင်းသော ကော်ဇောကုန်ချောများ ရရှိစေကြောင်း နှင့် ပြည်တွင်း၌သာ ဖြန့်ဖြူးရောင်းချကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံရေိယာနှင့် ကားလမ်းဝန်းကျင်တွင် သစ်ပင်များ စိုက်ပျိုးထားရန်၊

(၂) လေဝင်လေထွက်ကောင်းမွန်စေရန် စီစဉ်ဆောင်ရွက်ထားရှိရန်နှင့် ဝန်ထမ်း လုပ်သားများအား လက်အိတ်၊ နှာခေါင်းစည်းကဲ့သို့ တစ်ကိုယ်ရေသုံး ပစ္စည်း များ ဝတ်ဆင်လုပ်ကိုင်စေရန်၊

